## ၄။ အချက်အလက်များအမှန်ပြင်ဆင်ခြင်း

သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းသည် ခက်ခဲသော သဘော သဘာဝရှိသည်နှင့်အညီ စာရင်းကောက်များအနေဖြင့် မြေပြင်တွင် အမှား အချို့ကို ပြုလုပ်နိုင်ပါသည်။ (ဥပမာ - 3 သည် 8 မှားယွင်းနိုင်ခြင်း၊ အချို့သောဂဏန်းများ ဖြည့်သွင်းရန် ကျန်ခဲ့ခြင်း)

ဂဏန်းများဖြည့်သွင်းရန် ကျန်ရှိနေခြင်း၊ အမှတ်အသားများမပြည့်စုံခြင်း၊ အမှတ်အသားတစ်ခုသာ ပြုလုပ်ရမည့်နေရာတွင် အမှတ်အသားများစွာ ပြုလုပ်ထားခြင်းစသည့်အမှားများကို ဖော်ထုတ်နိုင်ရန်အတွက် ကွန်ပျူတာ ပရိုဂရမ်များကိုအသုံးပြုထားပါသည်။ သို့အတွက်ကွန်ပျူတာအော်ပရေတာ များမှ မှန်ကန်သောကိန်းဂဏန်းများကို ပြန်လည်ပြင်ဆင်နိုင်ပါသည်။ ဤ လုပ်ငန်းစဉ်ကို အချက်အလက်များ အမှန်ပြင်ဆင်ခြင်း လုပ်ငန်းစဉ်ဟု ခေါ်သည်။

အချက်အလက်များ အမှန်ပြင်ဆင်ခြင်းလုပ်ငန်းကို ပြည်သူ့အင်အား ဦးစီး ဌာန ဝန်ထမ်းများမှ ဆောင်ရွက်နေပါသည်။ ပြင်ဆင်ခြင်းလုပ်ငန်း ပြီးစီး ပါက စာရင်းဇယားပြုစုခြင်းလုပ်ငန်းကို စတင်နိုင်ပြီဖြစ်ပါသည်။ ဤလုပ်ငန်း စဉ်ကို ပုံရိပ်ဖမ်းခြင်းလုပ်ငန်းနှင့်အတူ တစ်ပြိုင်တည်း ဆောင်ရွက်နေ ပါသည်။ ပုံရိပ်ဖမ်းခြင်းလုပ်ငန်းစဉ် ပြီးစီးပြီး ရက်သတ္တပတ် အနည်းငယ်တွင် ပြင်ဆင်ခြင်း လုပ်ငန်းပြီးစီးနိုင်မည် ဖြစ်ပါသည်။

## ၅။ ကောက်ကွက်စာရင်းချုပ်မှ အချက်အလက်များရေးသွင်းခြင်း

ကွင်းဆင်းစာရင်းကောက်ချိန်တွင် ရေးသွင်းခဲ့သော ကောက်ကွက် စာရင်း ချုပ်မှ အချက်အလက်များရေးသွင်းခြင်းလုပ်ငန်းကို ပြည်သူ့အင်အား ဦးစီး ဌာနတွင် လုပ်ဆောင်နေပါသည်။ ဤလုပ်ငန်းစဉ်မှ မြို့နယ်အဆင့်အထိ စုစုပေါင်း လူဦးရေ၊ ကျား၊ မ စသည့် ရှေ့ပြေးလူဦးရေစာရင်းကို ရရှိနိုင်မည် ဖြစ်ပါသည်။ ရှေ့ပြေးလူဦးရေစာရင်းကို ၂၀၁၄ ခုနှစ် ဩဂုတ်လကုန်တွင် ထုတ်ပြန်သွားရန် ရည်မှန်းထားပါသည်။ လူဦးရေစာရင်းချုပ်များ ရေးသွင်း သိမ်းဆည်းရာတွင် CSPro နှင့် MS Access စနစ်များကို အသုံးပြု ထားသည်။

## ၆။ လူမျိုးနွယ်စုနှင့်အလုပ်အကိုင် ဂဏန်းသင်္ကေတတင်ခြင်း

ပုံရိပ်ဖမ်းခြင်းအတွက် ပြင်ဆင်ခြင်းလုပ်ငန်း (အပိုင်း၂ ကို ကြည့်ပါ) ဆောင်ရွက်ရာတွင် လူမျိုးဂဏန်းသင်္ကေတ ၉၁၄ ဟုရေးသွင်းထားသော လူမျိုးစုအားလုံးကို မှတ်တမ်းတင်ထားပါသည်။ ထိုလူမျိုးစုအားလုံးကို အလို အလျောက် ရေးသွင်းနိုင်သောစနစ်ဖြင့် ဂဏန်း သင်္ကေတတင်ခြင်းနှင့် ဆန်းစစ်လေ့လာခြင်းကို စာရင်းဇယားပြုစုခြင်းလုပ်ငန်း ဒုတိယအဆင့်တွင် ဆောင်ရွက်ပါမည်။ အလားတူ စာရင်းကောက်ယူချိန်တွင် ရေးသွင်းထား သော အလုပ်အကိုင်နှင့် လုပ်ငန်းအမျိုးအစားများ ဂဏန်းသင်္ကေတများ

To find out mor e visit: www.dop.gov.mm
or http://myanmar.unfpa.org/census



တင်ခြင်းနှင့် အခြားအချက်အလက်များနှင့် ဆက်စပ်၍ဆန်းစစ်လေ့လာခြင်း ကိုလည်း ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

နည်းပညာအားကျယ်ပြန့်စွာ အသုံးပြုရသည့် စနစ်ဖြစ်သဖြင့် အဆိုပါဂဏန်း သင်္ကေတ တင်ရမည့် အချက်အလက်များ (လူမျိုးစု၊ လုပ်ငန်းများနှင့် အလုပ် အကိုင်) ဆန်းစစ်လေ့လာခြင်းကို သန်းခေါင်စာရင်းလုပ်ငန်းစဉ်၏ ဆက် လက် လုပ်ဆောင်ရမည့် အဆင့်များတွင် ဆောင်ရွက်သွားပါမည်။

## ၇။ မေးခွန်းပုံစံများကိုသိမ်းဆည်းခြင်း

အချက်အလက်များအားလုံး ကွန်ပျူတာထဲတွင် သိမ်းဆည်းပြီးပါက မေးခွန်း ပုံစံများကို သက်ဆိုင်ရာပုံးအတွင်း ပြန်လည်ထည့်သွင်းပြီး စတိုအတွင်းရှိ သတ်မှတ်ထားသောစင်များတွင် ပြန်လည်သိမ်းဆည်းသွားပါမည်။ သက် ဆိုင်ရာ ကောက်ကွက်အမှတ်အလိုက် မေးခွန်းပုံစံများကို ပုံးများတွင် ထည့် ထားပြီး စင်အားလုံးကိုလည်း တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် အလိုက် အစီအစဉ်တကျ အမှတ်များနှင့် ထားရှိပါသည်။ ဤနည်းအားဖြင့် လိုအပ်ပါက မည့်သည့်ကောက်ကွက်အမှတ်မှ မည်သည့်မေးခွန်းပုံစံကိုမဆို လွယ်ကူ လျင်မြန်စွာ ပြန်လည်ရှာဖွေနိုင်မည် ဖြစ်ပါသည်။

စတိုမှ ထုတ်ပေးသည့်အခါတွင် မည်သည့်နေရာ/အဆင့်တွင် ရောက်ရှိ နေသည်ကို သိရှိနိုင်ရန်အတွက် စတိုတွင်လည်း ဘားကုဒ်စနစ်ကို အသုံးပြု ထားပါသည်။

## ၈။ အစီရင်ခံစာများ

သန်းခေါင်စာရင်း ရှေ့ပြေးအစီရင်ခံစာကို ၂၀၁၄ ခုနှစ် ဩဂုတ်လကုန်တွင် ထုတ်ပြန်နိုင်မည်ဟု မျှော်မှန်းပါသည်။ ဤအစီရင်ခံစာတွင် နိုင်ငံ၏စုစုပေါင်း လူဦးရေကို ကျား၊ မ ခွဲ၍ မြို့နယ်အဆင့်အထိ ထုတ်ပြန်သွားမည်ဖြစ်သည်။ ပင်မသန်းခေါင်စာရင်း အစီရင်ခံစာကို ၂၀၁၅ ခုနှစ်၊ ပထမ လေးလပတ် အတွင်း ထုတ်ပြန်သွားမည်ဖြစ်ပြီး၊ မြန်မာနိုင်ငံ၏ အဓိက လူမှုစီးပွားနှင့် သက်ဆိုင်သော အချက်အလက်များကို စာရင်းဇယားများဖြင့် တင်ပြသွား ပါမည်။ အကြောင်းအရာအလိုက် အသေးစိတ်အစီရင်ခံစာများနှင့် အခြား သန်းခေါင်စာရင်းရလဒ်များကို ပင်မအစီရင်ခံစာ ထုတ်ပြန်ပြီးနောက်ပိုင်း တွင် အဆင့်ဆင့် ထုတ်ပြန်သွားပါမည်။

# မြန်မာနိုင်ငံ ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း

## စာရင်းကောက်ပြီးလုပ်ငန်းစဉ်များ

## သန်းခေါင်စာရင်းမေးခွန်းပုံစံများ လက်ခံခြင်း၊ ပြင်ဆင်ခြင်းနှင့်ပုံရိပ်ဖမ်းခြင်း

UNFPA ၏ပံ့ပိုးမှုဖြင့်
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊
ပြည်သူ့အင်အားဦးစီးဌာနမှ ထုတ်ဝေသည်။







၁။ မေးခွန်းပုံစံများလက်ခံခြင်း

နိုင်ငံတစ်ဝန်းရှိ ကောက်ကွက်များမှ သန်းခေါင်စာရင်းမေးခွန်းပုံစံများကို ၂၀၁၄ ခုနှစ် မေလကုန်တွင် ပြည်သူ့အင်အားဦးစီးဌာနသို့ အဆင့်ဆင့် သယ်ယူ၍ စုစည်းထားရှိပြီးဖြစ်ပါသည်။ မေးခွန်းပုံစံများ လုံခြုံစိတ်ချစွာ ပို့ဆောင်နိုင်ရေးနှင့် စာရင်းကောက်ကွက်အားလုံး ပြည့်စုံစွာပါရှိစေရေး အတွက် မြို့နယ်သန်းခေါင်စာရင်းအရာရှိများမှ တာဝန်ယူ၍ အဆင့်ဆင့် တာဝန်ခံ ဆောင်ရွက်ပေးခဲ့ကြသည်။

မေးခွန်းပုံစံပုံးများရောက်ရှိချိန်တွင်ပြည်သူ့အင်အားဦးစီးဌာနဝန်ထမ်းများမှ ပုံစံပုံးများကိုဖွင့်၍ အောက်ပါလုပ်ငန်းစဉ် များကို ဆောင်ရွက်ပါသည် -

၁။ ကောက်ကွက်စာရင်းချုပ်ပုံစံများကို သီးခြားခွဲထုတ်၍ မြို့နယ်အလိုက်ဖိုင်တွဲခြင်း၊ (ကောက်ကွက်စာရင်းချုပ်သည် အိမ်ထောင်စု တစ်စုချင်းစီ၏ လူဦးရေနှင့် ကျား၊ မ ကို မှတ်တမ်းတင်ထားသော ပုံစံဖြစ်သည်။)

၂။ မေးခွန်းပုံစံအလွတ်များနှင့် ပုံရိပ်ဖမ်းရန်မလိုသော စာရွက်စာတမ်းများ ကို ဖယ်ထုတ်ခြင်း။

၃။ မေးခွန်းပုံစံအရေအတွက်ကို ရေတွက်ခြင်းနှင့် ပေးပို့လာသော မှတ်တမ်းများနှင့် တိုက်ဆိုင်စစ်ဆေးခြင်း။

၄။ မေးခွန်းပုံစံပုံး၊ ကောက်ကွက်တစ်ခုချင်းစီအား ဘားကုဒ်စနစ်ကို အသုံးပြုပြီး ကွန်ပျူတာတွင် မှတ်တမ်းတင်ခြင်း။

၅။ မေးခွန်းပုံစံများကို ပုံရိပ်ဖမ်းရန် ကြိုတင်ပြင်ဆင်မည့် အဖွဲ့များသို့ လွှဲပြောင်းခြင်း။

၂။ ပုံရိပ်ဖမ်းရန်အတွက်ပြင်ဆင်ခြင်း

အချက်အလက်များ ထည့်သွင်းရာတွင် ခေတ်မီပုံရိပ်ဖမ်းနည်းပညာကို အသုံးပြုပါသည်။ မြန်မာနိုင်ငံတွင် သန်းခေါင်စာရင်း မကောက်ယူနိုင်သည်မှာ နှစ် ၃၀ ခန့်ကြာမြင့်ပြီဖြစ်၍ မှန်ကန်တိကျသော လူဦးရေစာရင်း အချက်အလက်များရရှိရန် လိုအပ်နေသဖြင့် စာရင်းဇယားပြုစုခြင်း လုပ်ငန်းများကို အရှိန်မြှင့်တင်ရန် လိုအပ်ပါသည်။ သမားရိုးကျနည်းဖြင့် အချက်အလက်သွင်းခြင်းလုပ်ငန်းသည် စာရင်းဇယားများ ထုတ်ပြန်ရန် နှစ်ပေါင်းများစွာ ကြန့်ကြာစေနိုင်ပါသည်။

ပုံရိပ်ဖမ်းနည်းပညာကိုထိရောက်စွာအသုံးပြုရန်အတွက်အောက်ပါပြင်ဆင်ခြင်းလုပ်ငန်း အဆင့်များကို လုပ်ဆောင်ရပါသည် -

၁။ မသက်ဆိုင်သည့် ပစ္စည်းများကို ဖယ်ထုတ်ခြင်း (စာရွက်ညှပ်ကလစ်များ၊ အပ်များ၊ တိပ်များ စသည့်ဖြင့်)။

၂။ စုတ်ပြဲ၊ စွန်းထင်းနေသော မေးခွန်းပုံစံများကိုရွေးထုတ်ပြီး မေးခွန်းပုံစံအသစ်များသို့ အချက်အလက်များ ကူးပြောင်းရေးသွင်းခြင်း။

၃။ သက်ဆိုင်ရာအကွက်များတွင် တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ ကျေးရွာအုပ်စု၊ ကောက်ကွက်အမှတ်နှင့် အိမ်ထောင်စုအမှတ်များ မှန်ကန်စွာ ဖြည့်ထားမှု ရှိ/မရှိ စစ်ဆေးခြင်း။

၄။ ပျောက်နေသော (သို့မဟုတ်) ထပ်နေသော အိမ်ထောင်စုများ မရှိစေရန် သေချာစစ်ဆေးခြင်း။

၅။ ပုံရိပ်ဖမ်းနိုင်သည့် စာရွက်အရွယ်အစားဖြစ်စေရန် မေးခွန်းပုံစံများကို နှစ်ပိုင်းခွဲခြင်း။

၆။ "၉၁၄" ဟုရေးသွင်းထားသော လူမျိုးစုအမည်သစ်များအတွက် သင်္ကေတနံပါတ် အသစ်ပေးနိုင်ရန် မှတ်တမ်းတင်ခြင်း။

၃။ မေးခွန်းပုံစံများကိုပုံရိပ်ဖမ်းခြင်း

သန်းခေါင်စာရင်းလုပ်ငန်းစဉ်အတွက် ခေတ်မီပုံရိပ်ဖမ်းစက် ၂ လုံးကို ဝယ်ယူပြီး ၆ လုံးကို ငှားရမ်းအသုံးပြုပါသည်။ အချက်အလက်များကို အချိန်တို အတွင်း ရရှိရန် ၎င်းစက်များကို အသုံးပြုရခြင်းဖြစ်ပါသည်။ ပုံရိပ်ဖမ်းစက် များသည် မေးခွန်းပုံစံများရှိ အမှတ်များကို ဖတ်သည့်နည်းနှင့် လက်ရေးဖြင့် ရေးသွင်းထားသည့် ဂဏန်းများကို ဖတ်သည့်နည်း နှစ်မျိုးစလုံးကို အသုံးပြု ထားပါသည်။

၎င်းနည်းစနစ်သည် ဆက်လက်ဆောင်ရွက်မည့် ဂဏန်းတင်ခြင်း လုပ်ငန်း စဉ်အတွက်လည်း စာသားများနှင့် အမှတ်များကို သိမ်းဆည်းမှတ်သားနိုင် ပါသည်။ ၎င်းပုံရိပ်ဖမ်းစက်များသည် UNFPA နှင့် သဘောတူစာချုပ် ချုပ်ဆိုထားသော DRS ဝန်ဆောင်မှုကုမ္ပဏီမှ ဖြစ်ပါသည်။

ပြည်သူ့အင်အားဦးစီးဌာနမှ ဝန်ထမ်း(၂၀)ဦးကို ပုံရိပ်ဖမ်းစက်များ အသုံးပြု နိုင်ရန် သင်တန်းပို့ချခဲ့ပြီးဖြစ်သည်။ ပုံရိပ်ဖမ်းစက်အားလုံးကို ကွန်ပျူတာ ကွန်ယက်များ ချိတ်ဆက်ထားပြီး ပုံရိပ်ဖမ်းစက်တစ်လုံးသည် တစ်နာရီလျှင် မေးခွန်းပုံစံ (၄၀၀၀) ခန့် ဖတ်နိုင်ပါသည်။ ပုံရိပ်ဖမ်းခြင်းလုပ်ငန်းစဉ်ကို ၂၀၁၄ အောက်တိုဘာလကုန်ခန့်တွင် ပြီးစီးရန် ခန့်မှန်းထားပါသည်။



To find out more visit: www.dop.gov.mm
or http://myanmar.unfpa.org/census